humanity & inclusion

# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်ငန်းများတွင် မသန်စွမ်းသူများအား အကျုံးဝင်ပါဝင်မှု ရှိစေခြင်း(လမ်းညွှန်ချက်)

## ရည်ရွယ်ချက်

လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ စီမံချက်များတွင် မသန်စွမ်းသူများအပေါ် ခွဲခြားဆက်ဆံမှု မရှိစေဘဲ အပြည့်အဝပါဝင်ခွင့်ရှိစေရန်အတွက် လက်တွေ့အသုံးပြုနိုင်သော အစီအမံများကို စီမံချက်အဆင့်တိုင်းတွင် ထည့်သွင်းဆောင်ရွက်ရန် ရည်ရွယ်ပါသည်။

## အောက်ပါ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ပါ။




### ၁။ ဆန်းစစ်လေ့လာ သုံးသပ်ခြင်း

#### (အဓိက လုပ်ဆောင်ရန်)

- အသက်အရွယ်၊ ကျား/မ၊ မသန်စွမ်းမှုအခြေအနေ စသည်တို့ကို ခွဲခြားသတ်မှတ်ထားသော စာရင်းကောက်ယူနည်းကို အသုံးပြုပါ။
- ဝါရှင်တန်အုပ်စု မေးခွန်းပုံစံများ (WGQ-SS) ကဲ့သို့ အထောက်အကူပြု နည်းလမ်းများကို အသုံးပြုပါ။
- ရပ်ရွာလူထုနှင့် တွေ့ဆုံဆွေးနွေးရာတွင် မသန်စွမ်းသူများ၏ သဘောထားအမြင်များကို ရယူပါ။
- ဝန်ဆောင်မှုများ လက်လှမ်းမီရရှိစေရန် ကြုံတွေ့ရနိုင်သော အခက်အခဲအတားအဆီးများနှင့် လွယ်ကူအဆင်ပြေစေမည့် အစီအမံများကို မှတ်သား ဆောင်ရွက်ထားပါ။

### ၂။ စီမံကိန်း ရေးဆွဲချမှတ်ခြင်း

#### (အဓိက လုပ်ဆောင်ရန်)

- "နှစ်လမ်းပြိုင် ချဉ်းကပ်နည်း" (Twin-track approach) ကို ကျင့်သုံးဆောင်ရွက်ပါ။ (အားလုံးအကျုံးဝင်ပါဝင်သည့် လုပ်ဆောင်ချက် + မသန်စွမ်းသူများအတွက် ဦးတည်သည့် လုပ်ဆောင်ချက်များ)
- သင့်တင့်လျောက်ပတ်သော အစီအမံအတွက် ဘတ်ဂျက်လျာထားသတ်မှတ်ပါ။
- လက်လှမ်းမီ ရယူသုံးစွဲနိုင်မှုအခြေအနေကို တိုင်းတာရန် အညွှန်းကိန်းသတ်မှတ်ပါ။ (ဥပမာ - အကူအညီ ရရှိသည့် မသန်စွမ်းသူဦးရေ % )
- ဆက်သွယ်ပြောဆိုရာတွင် လွယ်ကူအဆင်ပြေစေနိုင်သော နည်းလမ်းများကို ကြိုတင်စီစဉ်ထားပါ။ (ဥပမာ - နားလည်ရလွယ်ကူသော ဘာသာစကား၊ လက်သင်္ကေတပြ ဘာသာစကား စသည်ဖြင့်)





Developed and Produced by Humanity & Inclusion

## ၃။ အရင်းအမြစ်များ စုစည်းခြင်း

### (အဓိက လုပ်ဆောင်ရန်)

- စီမံကိန်းအဆိုပြုလွှာများတွင် မသန်စွမ်းသူများအကျုံးဝင်ပါဝင်လာစေရေး ဘတ်ဂျက်ကို ရှင်းလင်းစွာ ခွဲဝေလျာထားပါ။
- မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်သူများအားလုံးကို မသန်စွမ်းမှုဆိုင်ရာ သင်တန်းများ ပို့ချပါ။



## ၄။ အကောင်အထည်ဖော်ခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း

### (အဓိက လုပ်ဆောင်ရန်)

- မသန်စွမ်းမှု အမျိုးအစားအားလုံးအတွက် ရုပ်ပိုင်းဆိုင်ရာ၊ ဆက်သွယ်ပြောဆိုမှုဆိုင်ရာ အဆင်ပြေ သေချာစေရန် ဆောင်ရွက်ထားပါ။
- မသန်စွမ်းသူများကို အကျိုးခံစားခွင့်ရှိသူအဖြစ်သာမက ခေါင်းဆောင်မှုကဏ္ဍမှာလည်း ပါဝင်ခွင့် ရှိပါစေ။
- ဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများကို မသန်စွမ်းများ၏ အခွင့်အရေးများ၊ အကျုံးဝင်ပါဝင်မှု ဆိုင်ရာသင်တန်းများ ပေးပါ။
- လိုအပ်ပါက မသန်စွမ်းသူများအသုံးပြုသည့် အထောက်အကူပြုပစ္စည်းများ စီစဉ်ပေးပါ။
- အားလုံးပါဝင်နိုင်သော ဝေဖန်အကြံပြု၊ တုံ့ပြန်ပြန်ကြားရေးစနစ်(FCM)ကို အသုံးပြု ကျင့်သုံးပါ။

## ၅။ စောင့်ကြည့်လေ့လာခြင်း၊ အကဲဖြတ်သုံးသပ်ခြင်း၊ တာဝန်ယူမှု၊တာဝန်ခံမှုရှိခြင်း

### (အဓိက လုပ်ဆောင်ရန်)

- မသန်စွမ်းမှု၊ ကျား/မ၊ အသက်အရွယ် စသည့် အချက်အလက်များကို ခွဲခြားပြုစုပါ။
- မသန်စွမ်းသူများအားလုံး အကျုံးဝင်ပါဝင်လာစေရန် နည်းလမ်းများကို ဖော်ထုတ် ဆောင်ရွက်ပါ။
- စောင့်ကြည့်အကဲဖြတ်ရေး လုပ်ငန်းစဉ်များတွင်လည်း မသန်စွမ်းသူများပါဝင် ဆောင်ရွက်ခွင့် ရှိပါစေ။
- မသန်စွမ်းသူများ ပါဝင်ဖြေဆိုနိုင်သော အချက်အလက်ကောက်ယူမှုပုံစံဖြစ်စေရန် စီစဉ်ထားပါ။ (ဥပမာ - မျက်မမြင် လက်စမ်းစာ၊ ရုပ်ပုံ၊ သင်္ကေတများ စသည်ဖြင့်)
- ဝန်ဆောင်မှုများ လက်လှမ်းမီရရှိမှုအခြေအနေ၊ စိတ်ကျေနပ်မှုအခြေအနေတို့ကို မသန်စွမ်းသူများအား မေးမြန်းပါ။
- ကြုံတွေ့ရသော အခြေအနေများ၊ အတွေ့အကြုံကောင်းများကို မှတ်တမ်းတင်ထားပါ။
- မသန်စွမ်းသူများ၏ တင်ပြဆွေးနွေးချက်များကို နားထောင်သည့် အလေ့အထကို စတင်ပါ။

## ၆။ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်း

### (အဓိက လုပ်ဆောင်ရန်)

- မသန်စွမ်းမှုဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်များနှင့် ညှိနှိုင်းဆောင်ရွက်ပါ။
- မတူညီသော ကဏ္ဍအသီးသီး အတွက် မသန်စွမ်းမှု အမျိုးအစားအလိုက် သတ်မှတ်စံနှုန်းများတွင် မသန်စွမ်းသူများ ပါဝင်ခွင့်ရှိစေရေး အတွက် ဆောင်ရွက်ပါ။(ဥပမာ ရေနှင့်သန့်ရှင်းရေး၊ ပညာရေး စသည်ဖြင့်)
- အတွေ့အကြုံကောင်းများနှင့် အခက်အခဲများကို ပြန်လည် မျှဝေပါ။
- အခြားသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး အသိပညာပေးသင်တန်းများပြုလုပ်ပါ။
- မသန်စွမ်းအဖွဲ့အစည်းများ (OPDs) နှင့် ပူးပေါင်းဆောင်ရွက်ပါ။



**ကျွန်ုပ်တို့ မပါဝင်ဘဲ ကျွန်ုပ်တို့အတွက် ဆုံးဖြတ်ချက် မချပါနှင့်။**

Developed and Produced by Humanity & Inclusion